"ပေါက်ဖော်ချစ်ကြည်ရေး"

# တရုတ်မြန်မာနယ်ခြား ချစ်ခြင်းမေတ္တာပြန့်ပွားလက်ဆင့်ကမ်းခြင်းဖြင့် ရက်မစေ့ပဲမွေးဖွားသော သုံးမွှာပူးအသက်အန္တရာယ်မှ ကင်းလွတ်ခြင်း

ဇန်နဝါရီလ(၁၀)ရက်နေ့ ညနေခင်းပိုင်းအချိန်တွင်မြန်မာနိုင်ငံ၏ညီအစ်ကိုသုံးမွှာပူး မာနော်၊ မာလှ၊ မာထုကို သူတို့၏ အဖေ၊ အမေနှင့် တယ်ဟုန်ပြည်နယ်ခွဲပြည်သူ့ဆေးရုံ ကလေးအထူးကုဌာနမှူးရီကျောက်ချင်၏ ရင်ခွင်ထဲတွင် အသီးသီးပွေ့ဖက်နေသည်။ မျက်လုံးကြီးပွင့်နေသည်ဖြစ်စေ၊ အိပ်စက်နေကြသည်ဖြစ်စေ အလွန်ချစ်စရာကောင်းသော "ချစ်စဖွယ်ရတနာ" လေးများဖြစ်ပါသည်။

ကလေးငယ်သုံးယောက်စလုံးကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် မြန်မာနိုင်ငံ လိုင်ဇာပြည်သူ့ဆေးရုံတွင်မွေးဖွားခဲ့သည်။ ရက်မစေ့ပဲမွေးဖွားခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန်သည် သာမန်ထက်နိမ့်နေသည်။ ကိုယ်အင်္ဂါများလည်းမရင့်ကျက်သေးပေ။ အချိန်မရွေး အသက်အန္တရာယ်ရှိနိုင်ပေသည်။ ကလေးသုံးဦးကို အစွမ်းကုန်ကယ်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံဒေသခံဆရာဝန်သည်ကလေးငယ်၊ ကလေးမိဘများနှင့်အတူ တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့ဆေးရုံကလေးအထူးကုဌာနသို့ အတူရောက်ရှိလာကြပါသည်။ ဆရာဝန်များ၏ အစွမ်းကုန်ကြိုးပမ်းကယ်တင်မှုဖြင့် ကလေးငယ်သုံးဦးသည် အသက်အန္တရာယ်မှကင်းလွတ်ပြီး ဆေးရုံဆင်းသွားပါသည်။ ယခုအကြိမ် နယ်ခြားချစ်ခြင်းမေတ္တာပြန့်ပွားလက်ဆင့်ကမ်းခြင်းကြောင့် တရုတ်မြန်မာ နှစ်နိုင်ငံပြည်သူလူထု၏ ပေါက်ဖော်ချစ်ကြည်ရေးကို ထပ်မံသက်သေမြင်တွေ့ခဲ့ကြရသည်။



## ကံကောင်းခြင်းရောက်ရှိလာသော်လည်း စိန်ခေါ်မှုများ လိုက်ပါလာသည်

မြန်မာနိုင်ငံမှ လင်မယားမာအုံနှင့် မာလူသည် အသက်လေးနှစ်ပြည့်သောသားလေးတစ်ဦးရှိပြီဖြစ်သည်။ ၎င်းသည် ဒုတိယအကြိမ် ကိုယ်ဝန်လွယ်ခြင်းဖြစ်သည်။ ၂၀၁၇ခုနှစ်ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် ယောကျ်ားလေးသုံးမွှာပူးလေးကို ရိုးရိုးမွေးဖွားခြင်းဖြင့် ကမ္ဘာပေါ်သို့ ရောက်ရှိလာကြသည်။ ရက်မစေ့ပဲမွေးဖွားသောကြောင့် ကလေးသုံးဦး၏ကိုယ်အလေးချိန်သည် အကြီးဆုံးကလေးမှာ ၁၉၈၀ ဂရမ်သာရှိပြီး အသေးဆုံးကလေးမှာ ၁၅၅၀ဂရမ်သာရှိပါသည်။ ပိုဆိုးသည်မှာ ညီအစ်ကိုသုံးယောက်စလုံးသည် Neonatal respiratory distress syndrome အသီးသီးခံစားနေရပါသည်။ အသက်အန္တရာယ်ရှိသည်။ ကလေးသုံးဦး၏အသက်ကို ကယ်တင်နိုင်ရန်အတွက် ကလေးမွေးဖွားပြီးနှစ်ရက်မြောက်နေ့တွင် မြန်မာနိုင်ငံကချင်ပြည်နယ်အစိုးရမှစရိတ် (တရုတ်ယွမ်ငွေသုံးသောင်း) စိုက်ထုတ်ပြီး အစိုးရအရာရှိများနှင့် ဆရာဝန်များကို ကလေးများနှင့်တကွ တယ်ဟုန်ပြည်နယ်ခွဲပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

## (၁၈)ရက်တာအချိန်ဖြင့်ညီအစ်ကိုသုံးဦးစလုံးကိုကယ်တင်ခဲ့သည်

ညီအစ်ကိုသုံးယောက်စလုံးကို ကုသပေးခြင်းသည် ဆေးကုသရေးဝန်ထမ်းများအတွက် စိန်ခေါ်မှုများစွာဖြစ်စေသည်။ "ရက်မစေ့ပဲမွေးဖွားသောအမွှာပူးမွေးကင်းစကလေးငယ်များသည် သေနှုန်းအလွန်မြင့်မားသည်။ အဘယ်ကြောင့်ဆိုသော် မွေးကင်းစကလေးငယ်များ၏ကိုယ်အင်္ဂါများသည် ကောင်းကောင်းမရင့်ကျက်သေးသောကြောင့် အချိန်မရွေး အသက်အန္တရာယ်ရှိနိုင်သည်။ ဆေးကုသမှုနှင့် သူနာပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း အလွန်ပင်ခက်ခဲသည်။"ဟု ပြည်နယ်ခွဲပြည်သူ့ဆေးရုံ ကလေးအထူးကုဌာနမှူး ရီကျောက်ချင်က ပြောပါသည်။ "မျှော်လင့်ချက်လေးတစ်ခုသာရှိပါစေ ကျွန်မတို့လုံးဝလက်မလွှတ်ပါဘူး။"



ကလေးအထူးကုပြင်ပလူနာဌာနမှ အဆိုပါလူနာကလေးငယ်သုံးဦးရောက်ရှိလာသည်နှင့် အသေးစိတ်စစ်ဆေးမှုများကိုလုပ်ဆောင်ပေးခဲ့ပါသည်။ ကလေးသုံးဦးအနက်အကြီးဆုံးကလေး၏အသက်ရှူခြင်းသည် အားပျော့သည်။ ဒုတိယကလေးငယ်သည် အသက်ရှူမြန်သည်။ တတိယကလေးသည် ကိုယ်ခန္ဓာအလေးချိန်အသေးဆုံးနှင့် တုံ့ပြန်မှုအညံ့ဆုံးဖြစ်သည်။ အချိန်သည်အသက်သာဖြစ်သည်။ ပြင်ပလူနာဌာနဆရာဝန်သည် မွေးကင်းစကလေးငယ်အထူးကုဌာနသို့ ချက်ချင်းဖုန်းဆက်အကြောင်းကြားပြီး ညီအစ်ကိုသုံးဦး၏ အခြေအနေကို သတင်းပေးပို့ခဲ့ကာ လူနာလက်ခံရန်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သည်။ ဆေးရုံတင်လက်ခံဌာနသည်လည်း သတင်းပေးပို့မှုကိုလက်ခံရရှိပြီး အမွှာပူးညီအစ်ကို သုံးယောက်အတွက် အစိမ်းရောင်လမ်းကြောင်းကိုဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံအမြင်တက်နိုင်ရန် လုပ်ဆောင်ပေးခဲ့သည်။ ထိုကဲ့သို့ဖြင့်အမွှာပူးညီအစ်ကိုသုံးယောက်စလုံးသည် မွေးကင်းစကလေးငယ်အထူးကုဌာနသို့ အချိန်တိုအတွင်း အမြန်ဆုံးရောက်ရှိသွားပါသည်။ ညီအစ်ကိုသုံးဦး၏ရောဂါလက္ခဏာနှင့် ခန္ဓာကိုယ်အခြေအနေအပေါ်မူတည်ပြီး ရီကျောက်ချင်က ကလေးအထူးကုဆရာဝန်ကို Endotracheal intubation ပြုလုပ်ရန်ချက်ချင်း ညွှန်ကြားပေးခဲ့သည်။ Pulmonary surfactant များကို intubation မှတစ်ဆင့် အဆုတ်ထဲသို့သွင်းပေးသည်။ ထို့နောက်အကြီးဆုံးနှင့် ဒုတိယကလေးကိုventilatorဖြင့် အသက်ရှူရန်ကူညီပေးခဲ့သည်။ ၎င်းအနက် တတိယကလေးငယ်၏ ရောဂါအခြေအနေသည် တဖြည်းဖြည်းကောင်းမွန်လာသည်။ vital signလည်း တည်ငြိမ်လာသည်။ သို့သော် ထိုအချိန်တွင် ကလေးမိဘက ဆက်လက်ကုသမှုခံယူခြင်းမပြုရန် အကြံပြုခဲ့သည်။ ဆေးရုံမှဆင်းရန် တောင်းဆိုခဲ့သည်။

## လက်မလွှတ်ဘဲ အားအင်များကိုစုစည်းပြီး ကုသကယ်ဆယ်သည်

အသေးစိတ်လေ့လာခြင်းအရကလေးများ၏မိသားစုတွင် စီးပွားရေးအခြေအနေသည် ချို့တဲ့ပြီး မချမ်းသာပေ။ မြန်မာနိုင်ငံ၏ သက်ဆိုင်ရာဌာနများက ကလေးငယ်များဆေးရုံတက်သည့် ကာလအတွင်းတွင် တတ်နိုင်သောငွေကြေးထောက်ပံ့မှုများကို ပေးအပ်ခဲ့သော်လည်း ထောက်ပံ့ငွေသည် ကန့်သတ်ချက်ရှိသောကြောင့် ကုန်ကျစရိတ်အားလုံးကို ပေးဆောင်ရန်မလုံလောက်ပေ။ ထို့ကြောင့်လည်းကလေးမိဘက မတတ်နိုင်သည့်အဆုံး ဆက်လက်ကုသမှု မခံယူတော့ပါဟုဆုံးဖြတ်ချက်ချလိုက်သည်။ အသက်ကိုလေးစားခြင်းနှင့် မြတ်နိုးတန်ဖိုးထားခြင်းကြောင့် ကလေးအထူးကုဌာနမှ ဆေးကုသမှုဝန်ထမ်းများသည် ကလေးမိဘများကိုရှင်းပြပေးခြင်း၊ တဖက်တွင်ဆေးရုံ၏ သက်ဆိုင်ရာဌာနများထံသို့ သတင်းပေးပို့မှုများကို လုပ်ဆောင်ခဲ့သည်။ ဆေးရုံမှအရာရှိသူများသည် စုံစမ်းမေးမြန်းပြီးနောက် အမွှာပူးညီအစ်ကိုသုံးဦးကိုဆေးရုံတွင် ဆက်လက်ကုသခွင့်ပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ နောက်ပိုင်းဆေးရုံတက်သည့် ကုန်ကျစရိတ်များကို ဆေးရုံဘက်မှတာဝန်ယူမည်။ ထိုကဲ့သို့ဖြင့် တရုတ်မြန်မာနှစ်နိုင်ငံသက်ဆိုင်ရာဌာနများနှင့် ဆေးရုံကလေးအထူးကုဌာန၏ အတူကြိုးပမ်းမှုဖြင့် ကလေးသုံးဦး၏အသက်ကိုကယ်တင်နိုင်ခဲ့ပါတော့သည်။ ဆေးရုံဆင်းသည့်အခါတွင် ကလေးသုံးဦးစလုံးအနက် ကိုယ်ခန္ဓာအကြီးဆုံး၏ ကိုယ်အလေးချိန်သည်၂၄၆၀ဂရမ် ရှိပြီး ကိုယ်ခန္ဓာအသေးဆုံး၏ ကိုယ်အလေးချိန်သည်လည်း ၂၀၃၀ဂရမ်ရှိနေပြီဖြစ်သည်။ ပြည်နယ်ခွဲပြည်သူ့ဆေးရုံမှ ကလေးငယ်များအတွက်အကုန်အကျခံလျှော့ချပေးလိုက်သော ဆေးရုံတက်ကုသစရိတ်သည် တရုတ်ယွမ်ငွေ(၅)သောင်းခန့်ရှိပါသည်။




ကလေးသုံးဦး၏ အသက်ကိုကယ်ဆယ်နိုင်ရန်အတွက် တယ်ဟုန်ပြည်နယ်ခွဲပြည်သူ့ဆေးရုံနှင့် မြန်မာနိုင်ငံ လိုင်ဇာဆေးရုံမှ ဆေးကုသမှုဝန်ထမ်းများသည် အသက်ကယ်ဆယ်ရေးနှင့် ချစ်ခြင်းမေတ္တာပြန့်ပွားရေးလက်ဆင့်ကမ်းခြင်း အလုပ်ကိုလုပ်ဆောင်ခဲ့သည်။ ထိုကဲ့သို့နယ်ခြားသော ချစ်ခြင်းမေတ္တာဖြင့် ကုသမှုပေးခြင်းသည် ကလေးငယ်မိဘများကို စိတ်ထဲတွင် အလွန်စွဲမှတ်သွားစေနိုင်ခဲ့ပါသည်။ "ခင်ဗျားတို့တတွေသည် ကျွန်တော်တို့မိသားစုအပေါ် ကျေးဇူးရှိသူများဖြစ်ကြသည်။ ထိုကျေးဇူးကို ကျွန်တော်တို့ တစ်သက်လုံးမှတ်သားသွားပါမည်။"ကလေးသုံးဦးကျန်းမာပြီးဆေးရုံဆင်းရမည့်ရက်တွင် ကလေးမိဘက ကလေးအထူးကုဌာနမှူးရီကျောက်ချင်နှင့် လိုင်ဇာပြည်သူ့ဆေးရုံဆရာဝန် ကျော်ရှမ်၏လက်ကို အကြာကြီးမြဲစွာဆွဲကိုင်ကာ ပြောကြားသွားပါတော့သည်။